COVER ART BY DEEM

# ဇေဂျီ

# ABNORMAL

# Abnormal (Intro)

Abnormal = ပုံမှန်မဟုတ်သောတဲ့။

ပုံမှန်မဟုတ်တဲ့ ဖောက်ပြန်ခြင်းဟာ

လူတွေနဲ့ လက်တစ်ကမ်းမှာပေါ့။

ရာသီဥတုဖောက်ပြန်တာ စိတ်ဖောက်တာ

စသည်ဖြင့်။

ဒီစာအုပ်ကတော့ အတွေးတွေဖောက်ပြန်တာပါ

စိတ်ကဖြစ်သမျှကို အရည်ဖျော်

စကားလုံး စီထားရုံကလွဲလို့ မပိုတဲ့

စာအုပ် တစ်အုပ်ပါပဲ။

Essay နဲ့ Short Story အပုဒ် ၂၀ပါတယ်။

အဆက်အစပ် မရှိသယောင် ရေးသားဟန်တွေ

ဆယ်ကျော်သက် လူငယ်တွေရဲ့စကားတွေ

ဘောင်တစ်ခုထဲမှာ မရှိတဲ့ ရှုထောင့်အမျိုးမျိုး။

ကိုယ်သတိမထားမိတဲ့ သဘာဝအလှတွေ

ညဘက် သန်းခေါင်ယံ ခေါင်းထဲရောက်လာတဲ့

စကားလုံးတွေ။ သိလျက်နဲ့ မသိဟန်ဆောင်ထားတဲ့ အမှန်တရားတွေ။

လူမတော်တစ်ယောက်ရဲ့ ရှုထောင့်နဲ့

အိပ်မက် မက်သမျှကို ချရေးထားတဲ့ စာစုတွေပါပဲ။

စာဖတ်သူက စာပေဆိုတာ ဘယ်လိုမှ

စာရေးဆရာ ဆိုတာ ဘယ်လိုမှ

ဘယ်အရာက ဘယ်လိုမှ ယုတ္တိရှိမှာ

ဘယ်စာပေကမှ ဘယ်လို ဖတ်သင့်တာဆိုတဲ့

ဘောင်ထဲက လူသားတစ်ယောက်ဆို စာအုပ်ကို ဆက်မလှန်ပါတော့နဲ့။

မဖတ်တာ ပိုကောင်းပါလိမ့်မယ်။

ပိုထူးခြားသွားအောင် တမင်လုပ်ယူရေးထားတဲ့

စိတ်ကူးမဟုတ်ကြောင်း သက်သေခံရင်းနဲ့ပဲ

ဘဝကို လောကဓံနဲ့အတူ လေချွန်ရင်း

ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

ဧည့်

* * *

၁။ဗလာဗေဒ

"ဘယ်အရာက ဘဝမှာ အရေးကြီးဆုံးလဲ"

"ဘဝမှာ အရေးအကြီးဆုံးက မိဘပဲ"

Meme တွေမှာ နာမည်ကြီးနေသော သီချင်းကို

အသံနေအသံထားနဲ့ ဆိုပြလိုက်သည်။

"မနောက်နဲ့ဟာ"

ကျနော်ရယ်မိသည်။

"မဟုတ်လို့လား"

"နင်တွေးမိတာကို ပြောစေချင်တာ သီချင်း ဆိုပြခိုင်းတာ မဟုတ်ဘူး "

"ဘာလဲ ငါသောက်ကြီးသောက်ကျယ် ပြောတာ

ကြားချင်လို့လား"

"အေး "

ညနေခင်းဆိုပေမဲ့ မိုးဦးကာလဆိုတော့ မိုးတွေမှောင်မည်းနေပြီ။ ၄နာရီလောက်ကို

၆နာရီလောက် ထင်ရတယ် ထိုင်နေကျပန်းခြံနားက အုတ်ခုံမှာ။

ထုံးစံအတိုင်းသူမက ဆေးလိပ်နဲ့မီးခြစ်ထုတ်ပြီး

မီးညှိလိုက်သည်။ နှုတ်ခမ်းပါးမှာ ကောင်းကင်က တိမ်ညိုတွေနဲ့အပြိုင်

တိမ်စိုင်လိုအခိုးအငွေ့တွေ မှုတ်ထုတ်လိုက်ပြီး

ကျနော့်ကို မျက်ခုံးပင့်ပြတယ် ။ မေးတာဘယ်လို ဖြေပေးမလဲပေါ့။

"ဘယ်အရာမှ အရေးမကြီးဘူး"

"ဘာလို့ အဲ့လိုပြောနိုင်တာလဲ"

"ငွေနောက်လိုက်နေတဲ့ လူတစ်ယောက်ကို

ဘာကအရေးကြီးဆုံးလဲ မေးရင် ငွေကအရေးကြီးဆုံးလို့ ဖြေလိမ့်မယ်

ငွေရှိမှ သူ့မိသားစု မိဘတွေကိုထောက်ပံ့လို့ရမယ်

ဘာညာပြောလိမ့်မယ်

ဒါပေမဲ့ ရောဂါတွေနဲ့ ကုလို့ လုံးဝမရတဲ့ သေခါနီး သူဌေးကို သွားမေးရင် "ကျန်းမာရေး"လို့ ဖြေလိမ့်မယ် ။

ဘုရားတရားသမားကို သွားမေးရင် ဘုရားတရားလို့ ဖြေမှာပဲ။ မိဘကို မပြုစုလိုက်ရပဲ

မိဘဆုံးပါးသွားတဲ့ လူအတွက် နောင်တတွေနဲ့ မိဘကအရေးကြီးတယ်လို့ ဖြေမှာပဲ။

အရေးကြီးတာမကြီးတာ တစ်ဦးချင်းစီနဲ့ပဲဆိုင်တယ်"

"နင့်အတွက်ရော ဘာအရေးကြီးလဲ... စာရေးတာလား"

"အဲ့လိုရယ်လို့မရှိဘူး စာရေးတယ် ကဗျာရေးတယ် ဆိုတာလည်း ရေးချင်ရင် ရေးလိုက်တာပဲ

ဘယ်လိုအောင်မြင်အောင် ဘာဖြစ်အောင်လို့မတွေးမိဘူး။

မနက်ဖြန်ဘာဖြစ်မလဲမသိတဲ့ဘဝမှာ

ငါ့အတွက်ဘာမှအရေးမကြီးပါဘူး "

ငါ့ကိုတော့ကောင်းကောင်းမေးနေတာ ကဲ နင်ရော"

"ငါလား "

"အင်း"

သူမရဲ့ပါဝါမျက်မှန်ကို ပင့်တင်လိုက်သည်

ခပ်လေးလေး ပြုံးလိုက်သည်။

ပြီးမှ…

"မသိဘူး စိတ်ထဲဗလာဖြစ်နေတယ် ဘာမှမရှိသလို ပေါ့လည်းပေါ့ပါးတယ်

ငါ့ကိုလည်း ဘာစိတ်နဲ့ အသက်ရှင်နေလဲ မေးရင်

မသေသေးလို့ ရှင်နေတယ်လို့ပဲဖြေမိမှာ"

မိုးလေးတဖွဲဖွဲစရွာပြီ ။

နှစ်ယောက်တစ်ချောင်း ထီးကို ထုတ်လိုက်ပြီး

တိတ်ဆိတ်နေမိသည် ။

တုံးတိရပ်သွားတဲ့စကားပွဲက

ဘယ်သူမှ မမေးတော့။ ဘယ်သူမှလည်း မဖြေတော့ ။

* * *

၂။စနေနေ့ညနေခင်း

ကားလမ်းပေါ်ရှင်းလင်းခြင်းတည်ရှိမှုနဲ့

မည်သည့်ကားမှမရှိ။ ကားလမ်းဘေးနှစ်ဖက်၌

နေကြာပန်းခင်းများ မျက်စိတစ်ဆုံး

နေရာယူထားကြပုံက လှပ။ ပန်းခင်းထဲက ပြေးနေတ ခြေလှမ်းတွေက

ကျွန်မရဲ့ ခြေလှမ်းတွေလား ဒါမှမဟုတ် ခြေထောက်တွေက စိတ်ကို ပြေးစေတာလား။

ဖြစ်နိုင်ပါတယ်။

မကြာခင် ပိတ်ကားအနက် ပြည့်ဖုံးကာချမယ့်

ကောင်းကင်နီနီရဲ့ဘဝလက်ကျန်ဟာ

ဒီနေ့အတွက်နာရီပိုင်းပဲကျန်တော့တာ။

ကျွန်တော်နဲ့သူမ သူနဲ့ကျွန်မ။

အနားမှာမရှိပေမဲ့ စိတ်တွေက

အနားမှာရှိနေသလို အားအင်ကုန်ခန်းနေတဲ့

နေရောင်ခြည် ဖျော့တော့တော့က

လူနှစ်ယောက်ရဲ့အရေပြားပေါ် ကျရောက်နားခို။

ဘယ်တော့မှမထားခဲ့ချင်တဲ့ စိတ်တွေဟာ

အိမ်ပြန်ချိန်တိုင်း ဆွဲထားမိ။

စက္ကန့်နဲ့အမျှ ဆွဲချနေတဲ့

ကောင်းကင်က ပိတ်ကားအနက်နဲ့

တဖြည်းဖြည်း မြုပ်ဝင်နေတဲ့နေလုံးရှိတဲ့

အချိန်တိုတိုလေးမှာ သူမက ပန်းခင်းထဲ ပစ်လှဲခဲ့တယ်။

ဘယ်ကနေဘယ်သူ လွှတ်လိုက်မှန်းမသိတဲ့

ခပ်မြင့်မြင့်က မီးပုံးပျံကိုကြည့်ရင်းနဲ့ပေါ့။

ဒီနေ့မနက်က မိုးရွာပေမဲ့ နေဝင်ချိန်မှာတော့

လှပနေတာပဲ။

မျက်ဝန်းထဲက ပျောက်ကွယ်လုနီးနီး နေလုံးကြီးက

သူမရဲ့မျက်ဝန်းလဲ့လဲ့ထဲက

မျက်ရည်လက်ကျန်နဲ့ မသေချာမှုတွေကို သတိမထားမိဘူး။

နေကြာပန်းခင်းထဲကျတဲ့

မျက်ရည်က အချိန်တန်ရင်လှပစွာ ဖူးပွင့်လာမယ့် နေကြာပန်းရဲ့စားသုံးဖို့

ရေဓာတ်အနေနဲ့ပဲ။

ဟိုဘက်ယိမ်းထိုး ဒီဘက်ယိမ်းထိုး

နေကြာပန်းခင်းနဲ့ မကြာခင်နိုးတော့မယ့် အလင်းပေးဓာတ်တိုင်တွေ။

မမြင်ဖူးတဲ့ သင်ခန်းစာနဲ့ ပီယာနိုအသံသဲ့သဲ့က

သူမထံ အလည်လာခဲ့တာ မသိရင် တစ်ယောက်ယောက် အနားမှာရှိနေသလိုပဲ။

တစ်ယောက်ထဲရှိခြင်းရဲ့

ညနေခင်းဘဝမှာ နေကြာပန်းခင်းရဲ့

ပီယာနိုအသံတွေနဲ့ အတူတူ ကိုယ်လုံးယိမ်းထိုးပြီး လမ်းမတည့်တည့်ပေါ် တက်လာတဲ့

မိန်းကလေးရဲ့ငြိမ်းချမ်းမှုတွေ။

အိမ်ပြန်ချိန် လျှောက်လမ်းခြေရာတွေမှာ

ပန်းတွေကျန်ခဲ့တဲ့ခဏတာမှာ

ရှုးချင်ဖွယ်ကောင်းလောက်အောင် ပြန်လှည့်ချင်မိခဲ့ရုံလေးပါ။

ရင်ဘတ်မှာချိတ်ထားတဲ့

ပါဝါမျက်မှန်လေး ကောက်တပ်ပြီး

အိမ်ပြန်ခဲ့တဲ့အချိန်ဟာ

မနေ့တွေကနဲ့ ဘာမှမထူးခြားနိုင်ပဲ

မထူးခြားဘူးဆိုပြီး သိတဲ့စိတ်က ထူးဆန်းသွားတယ်။

ဘယ်တော့မှမထားခဲ့တဲ့အရာက

ပျော်ရွှင်ခြင်းထက် ငြိမ်းချမ်းမှုဆိုပိုမှန်မယ်။

ကောင်းကင်နီနီနဲ့တိမ်တွေ အိပ်တန်းတက် ငှက်တွေကို နောက်ခံထားပြီး

မျှော်လင့်ခြင်းမီးပုံးပျံငယ်လေး

လွှတ်တင်လိုက်တယ် လွမ်းခြင်းလောင်စာတွေကုန်ရင် ပျက်ကျမယ်မှန်း

သိပေမဲ့ ခဏတာတော့သူပျံသန်းပါစေဦး။

ပူလောင်ခြင်းနေရောင်မဟုတ်တဲ့

အလင်းဖျော့တော့တော့ နေရောင်ခြည်မျှင်မျှင်ပါးပါးနဲ့

လေယူရာယိမ်းနေတဲ့ နေကြာပန်းခင်းတွေ။

လွင့်နေတဲ့တိမ်နဲ့ မီးပုံးပျံငယ် ပြီးတော့ သူ့ရဲ့စိတ်တွေ

မြင်မကောင်းအောင် ပျက်ကျနေတဲ့

အပိုင်းအစတွေမှာ နေသားကျသွားလို့

ပျော်နေပုံပဲ။ တစ်နေရာမှာ တစ်စုံတစ်ယောက် ရှိမယ်လို့

တွေးမိတိုင်း မျက်စိတစ်ဆုံး ကားလမ်းမကြီးကအစ

အထီးကျန်လို့။

ဒီညနေခင်းကို ကျောပိုးအိတ်ထဲက ဒိုင်ယာရီထဲ

ထည့်သိမ်းဖို့မလိုတဲ့အထိ သူနဲ့

ဒီနေရာ တစ်ထပ်တည်းကျနေပြီ။

တစ်ယောက်ထဲရှိတယ်လို့ တွေးတောမိတဲ့

စိတ်ကူးအတိုင်း တခြားတစ်ဖက်မှာမျက်မှန်နဲ့

ကောင်မလေးတစ်ယောက်လည်း ဒီအတိုင်း

တွေးနေမိတယ်ဆိုတာ သူမသိပါဘူး။

* * *